မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 15 , 2025 Volume 86 , Number 11


၁၅ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၃.၁၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၅.၇၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၃.၆၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၀၁.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ တနင်္သာရီတိုင်းဒေသကြီးမှ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းရှင်များမှလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်




နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ တနင်္သာရီတိုင်းဒေသကြီးမှ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်များမှလည်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းတိုင်းဒေသကြီး MSMEအေဂျင်စီ အစည်းအဝေးက သိရသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲပြသယှဉ်ပြိုင်နိုင်ရေးတိုင်းဒေသကြီး MSME အေဂျင်စီအစည်းအဝေး ၁/၂၀၂၅ကို ဇန်နဝါရီ ၁၄ ရက်က ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအနေဖြင့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲအောင်မြင်စွာ ဝင်ရောက်ပြသယှဉ်ပြိုင်နိုင်ရေး တိုင်းဒေသကြီးအဆင့် အေဂျင်စီအဖွဲ့ဝင်များအနေဖြင့်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တိုင်းဒေသကြီးအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ပြောကြားခဲ့သည်။

ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအား ၇၈နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ၊ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးမှ MSME ထုတ်ကုန်ပြိုင်ပွဲတွင် အသေးစားလုပ်ငန်းရှင် ၁ ဦးကကိုကိုးထုတ်ကုန်၊ အငယ်စားလုပ်ငန်းရှင် ၁ ဦးက ရိုးရာချည်ထည်၊ အလတ်စားလုပ်ငန်းရှင် ၁ ဦးက ပုလဲထုတ်ကုန်၊ OROP ထုတ်ကုန်များအနေဖြင့်လုပ်ငန်းရှင် ၃ ဦးက ရေထွက် ကုန်၊ ရော်ဘာထုတ်ကုန်၊ ငှက်သိုက်ထုတ်ကုန်များ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

MSME ထုတ်ကုန်ပြပွဲတွင်ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်များအနေဖြင့် ရိုးရာချည်ထည်ထုတ်ကုန် ၄ မျိုး၊စိုက်မွေးအခြေခံထုတ်ကုန်များအနေဖြင့် ပုလဲထုတ်ကုန် ၅ မျိုး၊ ကိုကိုးစားသောက်ကုန် ၆ မျိုး၊ မေသတောင်ကော်ဖီထုတ်ကုန် ၅ မျိုး၊ သီဟိုဠ်ထုတ်ကုန် ၂ မျိုး၊ ကွမ်းသီးထုတ်ကုန် ၃ မျိုး၊ ပြည်ပပို့ကုန်များအနေဖြင့် ရေထွက်ကုန် ၁၃ မျိုး၊ ရော်ဘာထုတ်ကုန် ၆ မျိုး၊ OROP ထုတ်ကုန်များနှင့် ၄က်သိုက်ထုတ်ကုန် ၂၂ မျိုးတို့ကို လုပ်ငန်းရှင် ၁၀ ဦးက ထုတ်ကုန် ၆၆ မျိုးအား ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတွဲဖက်အတွင်းရေးမှူးက ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင်ပြသရောင်းချမည့် ထုတ်ကုန်များနှင့်ပြိုင်ပွဲဝင် MSME လုပ်ငန်းရှင်များ စာရင်းတင်ပြပြီး ပြိုင်ပွဲဝင် MSME လုပ်ငန်းရှင်များအား တိုင်းဒေသကြီးအဆင့် ဆန်ကာတင်ရွေးချယ်နိုင်ရန် အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး MSME အေဂျင်စီအဖွဲ့ဝင်များကဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးတိုင်းဒေသကြီးအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

Source : https://www.popularmyanmar.com/

## အသေးစားချေးငွေကဏ္ဍတွင် ပြည်ပကုမ္ပဏီ ၅၃ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေ

မြန်မာနိုင်ငံရဲ့အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍမှာ ပြည်ပကုမ္ပဏီ ၅၃ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကနေ သိရပါတယ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခုနဲ့အစုစပ်ကုမ္ပဏီ ၉ ခု စုစုပေါင်း ကုမ္ပဏီ ၁၇၄ ခုရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ၁၃-၁-၂၀၂၅ ရက်နေ့ပြုလုပ်ခဲ့သည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။

ကုမ္ပဏီတွေဟာ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုက မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ရပ်ကွက် ၂၃၀၀ နဲ့ ကျေးရွာပေါင်း ၂၇,၀၀၆ ရွာက အသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းကို ကျပ် ၂ ဘီလီယံခန့် ထုတ်ချေးပေးထားပါတယ်။

ကော်မတီအနေနဲ့ Digital Financial Services တွေကိုအသုံးပြုပြီးချေးငွေပြန်လည်ကောက်ခံခြင်းနဲ့ချေးငွေရယူသူရဲ့ ငွေစာရင်းထံ ချေးငွေထုတ်ချေးခြင်းတို့ကို ဗဟိုဘဏ်နဲ့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေတယ်လို့ ပြောပါ တယ်။

လက်ရှိ လူမှုစီးပွားဖြစ်ပေါ်တိုးတက်မှုတွေနဲ့ လိုက်လျောညီထွေတဲ့အများဆုံးထုတ်ချေးငွေသတ်မှတ်ချက်နဲ့ စုဆောင်းငွေသတ်မှတ်ချက်တိုးမြှင့်ပေးနိုင်ရေးစီစဉ်နေကြောင်းလည်း ဆက်ပြောပါတယ်။

အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်တဲ့ ချေးငွေရရှိစေဖို့ ပြည်တွင်းဘဏ်တွေအပြင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီတွေကလည်းပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းထားပါတယ်။

ဇန်နဝါရီ ၁၃ ရက်မှာပြုလုပ်ခဲ့တဲ့အစည်းအဝေးမှာ ကော်မတီအနေနဲ့ပြည်တွင်းကုမ္ပဏီ ၃ ခု၊ မတည်ငွေရင်းတိုးမြှင့်ခွင့်ပြုတဲ့ကုမ္ပဏီ ၄ ခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်ခွင့်ပြုမှု ၃ ခု၊နယ်မြေတိုးချဲ့တဲ့ ကုမ္ပဏီ ၃ ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း သိရပါတယ်။

**Source : BETV Business**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီးမော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာ ၆၅,၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။




မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာ ၆၀,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးရံ့ခြောက်ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ငါးခြောက်မျိုးစုံကိုရန်ကုန်နဲ့တခြားဒေသတွေကိုတင်ပို့ရောင်းချနေပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကိုရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ငါးရံ့ခြောက်အကြီး၊အသေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေလာပါတယ်" ဟု ၎င်းကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်ငါးရံ့ခြောက်များသည် အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရှိကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံ စသည့်ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ငရုတ်(ဆောင်း)စိုက်ပျိုးမှုနှင့်ဈေးနှုန်းဈေးကွက်အခြေအနေ



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်သောကြောင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ၎င်းသီးနှံများအနက် ငရုတ်သီးနှံကိုလည်းစီးပွားဖြစ်စိုက်ပျိုးလာကြပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငရုတ်(ဆောင်း) စိုက်ဧကကျောက်ဆည်မြို့နယ်တွင် ၁၁၂၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၇၂ ဧက၊ မြစ်သားမြို့နယ်တွင် ၂၆၄၆ ဧက၊ စုစုပေါင်း ၄၇၄၄ ဧကစိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်(ဆောင်း)များအားနိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင်စတင်စိုက်ပျိုးပြီး မတ်လနှင့်ဧပြီလများတွင် စတင်ထွက်ပေါ်မည် ဖြစ်ကြောင်း ၊ငရုတ်စိုက်ပျိုးမှုအနေဖြင့်စိုက်ပျိုးသောမျိုးများမှာ သာမိုဒီမွန်၊ အာစတာနှင့် ၆၉၂မျိုးများဖြစ်ပြီး တောင်သူများအနေဖြင့် ရာသီဥတုဒဏ်နှင့်ပိုးမွှားဒဏ်ခံနိုင်ပြီး အသီးများလှ၍အထွက်နှုန်းကောင်းမွန်သော ၆၉၂ မျိုးများကို ပိုမိုစိုက်ပျိုးကြကြောင်း ငရုတ်စိုက်ပျိုးမှု ၁ ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး ၊ သွင်းအားစု ၊ လုပ်သားခအပါအဝင် စုစုပေါင်း ၁,၅၀၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် (ပိဿာ၄၀၀- ၄၅၀) အထိထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ငရုတ်သီးခြောက်အညှာ ပါ ၁ ပိဿာလျှင် ၈၀၀၀ကျပ် ၊ ငရုတ်အညှာချွေ ၁ ပိဿာလျှင် ၁၀,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ၁,၇၀၀,၀၀၀ ကျပ်ဝန်းကျင်မြတ်ခဲ့ကြောင်း၊လက်ရှိပေါက်ဈေးအနေဖြင့် ငရုတ်သီးခြောက်အညှာပါ ၁ ပိဿာလျှင် ၁၂,၀၀၀ ကျပ် ၊ ငရုတ်အညှာချွေ ၁ ပိဿာလျှင် ၁၄,၀၀၀ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ၊ ငရုတ်စိုက်တောင်သူများမှပွဲရုံများသို့ လာရောက် ရောင်းချကြကြောင်း၊ပွဲရုံများမှတစ်ဆင့် မန္တလေး ၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်း ချကြကြောင်း ယခုအချိန်တွင် ငရုတ်သီးများထွက်ပေါ်ခြင်းမရှိသေးသော်လည်း ထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့်ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source:** DOCA (**မန္တလေး**) https://www.doca.gov.mm/

## မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာ၌ နေကြာသီးနှံများထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲကြီး၊ နေကြာ၊ ဝါ၊ ကြက်သွန်နီနှင့် အခြားမီးဖို ချောင်သုံးသီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ တောင်ဦး ကျေးရွာ၌ နေကြာသီးနှံ ၁၃ ဧကခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ နေကြာသီးနှံကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလနှင့် နိုဝင်ဘာလ တွင် စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် ရိတ်သိမ်းကြကြောင်း၊ နေကြာသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှု ဟူ၍ စိုက်ပျိုးကြပြီး မျိုးစေ့အနေဖြင့် ဆင်းရွှေကြာ ၁ မျိုးကို စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၃ ပြည်မှ ၅ ပြည်ခန့် ကုန်ကျပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂၀,၀၀၀ ကျော်ခန့်ကုန်ကျ ကြောင်း၊ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ တစ်ဧကလျှင် ၁၀ တင်းမှ ၁၂ တင်းခန့်ထွက်ရှိ ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချသည့်အပြင် နေကြာဆီကြိတ်ခွဲ၍ ဒေသတွင်းရောင်းချမှုများ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံကသိရသည်။

**Source: ကြေးမုံသတင်းစာ**

## အရောင်းသွက်သည့်ရေထွက်ပစ္စည်းဈေးကွက်



ဇန်နဝါရီလ ဒုတိယပတ်အတွင်း မန္တလေးမြို့ သီရိမာလာဈေး ပိုက်ကျုံးဈေးရှိ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ အရောင်းသွက်လျက်ရှိကြောင်း သိရပါတယ်။

ရေထွက်ပစ္စည်းဝင်ရောက်မှုမှာ မန္တလေးတိုင်းဒေသကြီးတွင်းရှိ မွေးမြူရေးကန်များမှ တီလားပီးယားငါး (ဂျပန်ငါး)ငါးကြင်းများ ရေချိုငါးမျိုးစုံနှင့် ပုစွန်များရောင်းချလျက် ရှိကြောင်း သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာပြည်အောက်ပိုင်းမှ ထွက်ရှိသော ငါး၊ ပုစွန်၊ ကဏန်းများနှင့် ရေထွက်ပစ္စည်းများလည်းဝင်ကြောင်း သိရပါတယ်။

မန္တလေးဈေးကွက်သို့ ဝင်ရောက်မှုအနေဖြင့် တစ်ရက်ခြားလျှင်ကား ၁၀ ဘီး ၃ စီးနှင့် ၄ စီး အကြား ဝင်ရောက်မှုနှင့်ခေါက်တို ကန်တာကားအနေဖြင့် တစ်ရက်လျှင် ၅ စီးနှင့် ၆ စီးအကြား ဝင်ကြောင်း သိရပါတယ်။

သီရိမာလာဈေးမှ ငါး၊ပုစွန်နှင့် ရေထွက်ပစ္စည်းများအား လက်လီလက်ကားဝယ်ယူ၍ မန္တလေးမြို့ပေါ်ရှိဈေးများသို့ ပြန်လည် ရောင်းချကြောင်းသိရပါတယ်။

ဇန်နဝါရီလဒုတိယပတ်အတွင်း သီရိမာလာဈေးတွင်ဖြစ်ပေါ်ခဲ့သည့် တစ်ပိဿာဈေးနှုန်းများမှာ ငါးသလောက် ၂၀,၀၀၀ – ၃၅,၀၀၀ ကျပ် ၊ငါးကြင်းဖြူ ၁၂,၀၀၀ – ၁၆,၀၀၀ကျပ် ၊ငါးကြင်းနီ ၁၂,၀၀၀– ၁၄,၀၀၀ကျပ် ၊ငါးအုံးတုံ ၁၀,၀၀၀– ၁၄,၀၀၀ကျပ်၊ ငါးမြစ်ချင်း ၊ ငါးပတ်နှင့်ငါးရံ့မှာ ၁၃,၀၀၀ –၁၆,၀၀၀ကျပ်၊တီလားပီးယား(ဂျပန်ငါး) ၈၀၀၀– ၁၀,၀၀၀ကျပ်၊ကကတစ်ငါး ၃၀,၀၀၀ – ၃၃,၀၀၀ ကျပ်တို့ဖြင့် အသီးသီးရောင်းချလျက်ရှိပြီး၊အရွယ်အစားအလိုက်အနည်းငယ်ဈေးနှုန်းကွာခြားမှုရှိပါတယ်။ မွေးမြူရေး ပုစွန်မှာအမျိုးအစားပေါ်မူတည်၍ ၁၀,၀၀၀– ၁၃,၀၀၀ကျပ် ၊ပုစွန်ကြားနှင့်ရေချိုပုစွန်တုပ်မှာ၃၅ ,၀၀၀– ၅၀,၀၀၀ ကျပ်၊ ပြည်ကြီးငါး ၃၀,၀၀၀ – ၅၀,၀၀၀ကျပ်၊ ကဏန်း ၁၀,၀၀၀– ၁၂,၀၀၀ ကျပ်၊ ကင်းမွန် ၂၀,၀၀၀ –၂၅,၀၀၀ကျပ် ၊ရေဘဝဲ ၂၀,၀၀၀ – ၄၅,၀၀၀ ကျပ်ဈေးတို့ဖြင့် အသီးသီးရောင်းချလျက်ရှိပါတယ်။

နှစ်သစ်ကူးရာသီတွင် ရေထွက်ပစ္စည်းများပိုမိုရောင်းချခဲ့ရပြီး၊ ဇန်နဝါရီလဒုတိယပတ်အတွင်ရေထွက်ပစ္စည်းများ မှာ ဈေးကွက် တွင် အရောင်းသွက်လျက်ရှိကြောင်း သီရိမာလာဈေးရှိရေထွက်ပစ္စည်းအရောင်းဆိုင်များထံက သိရပါတယ်။

**Source : DOCA မန္တလေး**

https://www.doca.gov.mm/

## ကင်ညာနိုင်ငံသည် ရုရှားနိုင်ငံသို့ ကော်ဖီနှင့် လက်ဖက်ခြောက်တင်ပို့မှု တိုးမြှင့်နိုင်ခြေကို ရှာဖွေနေ

ကင်ညာနိုင်ငံသည် ရုရှားဈေးကွက်သို့ကော်ဖီနှင့်လက်ဖက်ခြောက်တင်ပို့မှုပမာဏသုံးဆတိုးမြှင့်နိုင်ခြေကို ရှာဖွေနေကြောင်း မော်စကိုမြို့ရှိကင်ညာသံအမတ်ကြီး Mr. Peter Mutuku Matuki က ပြောကြားခဲ့သည်။

ရုရှားဈေးကွက်သို့ ကင်ညာကော်ဖီနှင့်လက်ဖက်ခြောက်တင်ပို့နိုင်မှုပမာဏကိုတိုးမြှင့်လိုကြောင်း၊ရုရှားနိုင်ငံတွင် ယင်းထုတ်ကုန်များသည် ဝယ်လိုအားအလွန်ကောင်း နေကြောင်း၊ တင်ပို့မှုသုံးဆခန့်တိုးလာနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ကင်ညာသည်ဈေးနှုန်းတိုးမြှင့်ရန်ကြိုးစားမည်မဟုတ်ဘဲများများထုတ်နိုင်ပြီးဈေးကွက်သို့ပိုမိုထောက်ပံ့ပေးနိုင်ကြောင်း ကင်ညာသံအမတ်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည်နိုင်ငံပေါင်း ၄၀ ကျော်မှ နှစ်စဉ်ပျမ်းမျှကော်ဖီပမာဏတန်ချိန် ၁၅၀,၀၀၀ မှ ၂၀၀,၀၀၀ အထိ တင်သွင်းလျက်ရှိပြီး ၂၀၂၃ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁၅၃,၅၅၄ တင်သွင်းခဲ့သည်။

အဓိကတင်သွင်းခဲ့သောနိုင်ငံများမှာ ဗီယက်နမ် ၅၁,၂၀၅၊ ဘရာဇီး ၃၈,၀၄၅၊ အင်ဒိုနီးရှား ၇၄၀၇၊ နယ်သာလန် ၆,၅၅၉၊ အီတလီ ၆၃၇၆ နှင့် အက်စ်တိုးနီးယား ၅၁၉၄ စသည့်နိုင်ငံများဖြစ်ပြီး ကင်ညာနိုင်ငံသည် ကော်ဖီတန်ချိန် ၇၂ သာ တင်သွင်းနိုင်ခဲ့သည်။

ဘရာဇီးနိုင်ငံ၌ မိုးခေါင်မှုနှင့်ဗီယက်နမ်နိုင်ငံ၌တိုင်ဖွန်းမုန်တိုင်းကျရောက်ခဲ့မှုတို့ကြောင့်ကော်ဖီရိတ်သိမ်းနိုင်မှု ကျဆင်းနိုင်ပြီး ကော်ဖီထောက်ပံ့နိုင်မှုလည်း လျော့ကျနိုင်သဖြင့် ၂၀၂၅ ခုနှစ်တွင် ကော်ဖီဈေးနှုန်းများ ၂၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့် နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။

ရုရှားသည် ၎င်းနိုင်ငံအတွင်းလိုအပ်သောကော်ဖီပမာဏအား အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးရင်းနှီးဖော်ရွေသောနိုင်ငံများမှတင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံမှရုရှားနိုင်ငံသို့ကော်ဖီတင်ပို့နိုင်မည့်အလားအလာကောင်းများရှိနေကြောင်း သိရသည်။

**Source : https://ria.ru/20250102/keniya-1992284931.html**

**စီးပွားရေးသံမှူး၊ မော်စကိုမြို့**

https://myantrade.gov.mm/

## အမှာစာ ၃၀၀၀ ကျော် ရရှိခဲ့သည့် တရုတ် XPENG ကုမ္ပဏီ၏ Land Aircraft Carrier



တရုတ်လျှပ်စစ်ကားကုမ္ပဏီတစ်ခုဖြစ်သည့် XPENG သည် အမေရိကန်ပြည်ထောင်စု၊ လက်ဗေးဂက်မြို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း၌ ကျင်းပခဲ့သည့် CES 2025 နည်းပညာပြပွဲတွင် ၎င်းတို့၏ အနိမ့်ပျံမော်တော်ကားတစ်စင်းကို ထုတ်ဖော်ပြသခဲ့ရာ နိုင်ငံအများအပြား၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။

Land Aircraft Carrier ဟုအမည်ပေးထားသည့် ဝေဟင်ပေါ်တွင်အနိမ့်ပျံသန်းနိုင်သည့်လျှပ်စစ်ကားတစ်စင်းဖြစ်သည်။

၎င်းအား ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်းက ကျင်းပသည့် ၁၅ ကြိမ်မြောက် နိုင်ငံတကာလေကြောင်းပြပွဲတွင် လူသိရှင်ကြားထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။

၎င်းကားတွင် အစိတ်အပိုင်းနှစ်ခုပါဝင်ပြီးတစ်ခုမှာ Mothership ဟုအမည်ပေးထားသည့် Ground Module ပုံစံနှင့်လျှပ်စစ်စွမ်းအင်ဖြင့် ဒေါင်လိုက်အဆင်း၊ အတက်လုပ်ဆောင်နိုင်သည့် Air Module ပုံစံတို့ဖြစ်သည်။

Land Aircraft Carrier ၏ Ground Module ပုံစံတွင် ဘီးခြောက်ဘီးတပ်ဆင်ထားပြီး ဓာတ်အားအပြည့်သွင်းထားပြီးပါက Air Module ပုံစံဖြင့်ခြောက်ကြိမ်မောင်းနှင်ပျံသန်းနိုင်မည်ဖြစ်ရာ CES 2025 နည်းပညာပြပွဲအတွင်းမှာပင်ကားဝယ်ယူရန် အမှာစာ ၃၀၀၀ ကျော်လက်ခံရရှိခဲ့သည်။

XPENG ကုမ္ပဏီအနေဖြင့် လာမည့် ၂၀၂၆ ခုနှစ်တွင် Land Aircraft Carrier အစင်းပေါင်းများစွာ စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://www.myawady.net.mm/

## ထိုင်းနိုင်ငံနှင့် အိန္ဒိယတို့အကြား ကုန်သွယ်မှုတန်ဖိုး မြင့်တက်နိုင်ရေးအတွက် တိုက်တွန်းဆွေးနွေးခဲ့

ထိုင်းနှင့်အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမြင့်တက်နိုင်ရေးအတွက် အိန္ဒိယလုပ်ငန်းရှင်များအနေဖြင့် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်နှင့်ကုန်စည်ပြပွဲများတွင်ပါဝင်ပြသရန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကတိုက်တွန်းခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကိုယ်စားဒုတိယဝန်ကြီး H.E Mr. Varavongsa Ramangkuraသည် အိန္ဒိယနိုင်ငံ Assam ပြည်နယ်မှအခွန်နှင့်ဘေးအန္တရာယ်စီမံခန့်ခွဲမှုသတင်းအချက်အလက်နည်းပညာနှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီး H.E Mr. Keshab Mahanta နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အိန္ဒိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့ထိ အိန္ဒိယ၌ကျင်းပမည့် Advantage Assam 2.0 Investment and Infrastructure Summit အတွက် ဆွေးနွေးရန်နှင့် အိန္ဒိယပြည်နယ်များ အထူးသဖြင့် စီးပွားရေးဇုန်များတွင်ထိုင်းစီးပွားရေးလုပ်ငန်းရှင်များကိုရင်းနှီးမြှုပ်နှံရန်ဖိတ်ကြားခဲ့ကြောင်း၊Assam သည် ချည်မျှင်စက်မှုတွင်အလားအလာရှိသကဲ့သို့လျှင်လျှင်မြန်မြန်ဖွံ့ဖြိုးနေသောပြည်နယ်များထဲမှတစ်ခုဖြစ်ပြီးမြန်မာနယ်စပ်အနီးရှိ အိန္ဒိယ၏အရှေ့မြောက်ပိုင်းတွင် ရှိပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်နိုင်ငံတကာကုန်သွယ်ရေးတွင် အရေးကြီးသောနေရာတွင်ရှိပါကြောင်း၊ ထိုင်းနိုင်ငံ၌ Printed Circuit Boards PCB ကဲ့သို့ စက်မှုနည်းပညာအသစ်များတွင် အလားအလာရှိသောကြောင့် နှစ်နိုင်ငံပေါင်းစပ်၍ PCB ထုတ်လုပ်မှုနှင့်ဆက်စပ်ဝန်ဆောင်မှုများကို မြှင့်တင်သွားလိုကြောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများတွင် အိန္ဒိယလုပ်ငန်းရှင်များ ပါဝင်ပြသစေလိုပြီး ထိုင်းနိုင်ငံအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများဖန်တီးပေးနိုင်ရန် အိန္ဒိယ၌ ကုန်စည်ပြပွဲများကျင်းပသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယသည်ထိုင်းနိုင်ငံ၏ အဆင့် ၁၁ ရှိသောကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံရှိကြောင်း သိရသည်။

**Source:** www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

https://myantrade.gov.mm/

## ရုရှားတွင် ဆန်စပါးရိတ်သိမ်းနိုင်မှု တန်ချိန် ၁ ဒသမ ၂ သန်းကျော်ဖြင့် စံချိန်သစ်တင်ခဲ့

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးရေးရာသီ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက် အထိ ဆန်စပါးတန်ချိန် ၁ ဒသမ ၂ သန်းကျော်ရိတ်သိမ်းနိုင်ခဲ့ပြီး ယခင်နှစ် စံချိန်ထက် ၁၇ ရာခိုင်နှုန်း ပိုများခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားသည် ၂၀၃၀ပြည့်နှစ်တွင် စပါးတန်ချိန် ၂ သန်းအထိ ရိတ်သိမ်းနိုင်ရန်လျာထားပြီးပြည်တွင်းလိုအပ်ချက်ကိုအပြည့်အဝဖြည့်ဆည်းပေးနိုင်ရုံသာမကပို့ကုန်အလားအလာကိုလည်းကောင်းမွန်စွာဖန်တီးပေးနိုင်မည်ဟုအစီရင်ခံစာတွင်ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် စပါးသီးနှံစိုက်ခင်းဧရိယာသည် ခန့်မှန်း ၂၀၇,၀၀၀ ဟက်တာ ရှိသည်။

၂၀၂၄ ခုနှစ်တွင် စပါးထုတ်လုပ်နိုင်မှု၏သုံးပုံနှစ်ပုံနီးပါးသည် ရုရှားနိုင်ငံတောင်ပိုင်းရှိ Krasnodar နယ်မြေမှဖြစ်ပြီး စုစုပေါင်းတန်ချိန် ၈၂၉,၀၀၀ ရိတ်သိမ်းနိုင်ခဲ့သည်။

အခြားစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်၊ နယ်မြေများမှာ Dagestan ၊ Rostov Oblast ၊ Chechen ၊ Astrakhan နှင့် Primorsky Krai တို့ဖြစ်သည်။

ရုရှားတွင် ဆန်စပါးထုတ်လုပ်နိုင်မှုသည် နှစ်စဉ် တန်ချိန် ၁ သန်းကျော်ရှိသည်။

၂၀၂၃ ခုနှစ်တွင် စပါးတန်ချိန် ၁ ဒသမ ၁ သန်းကျော် ရိတ်သိမ်းနိုင်ခဲ့သည်။

ပြည်တွင်းဆန်ဖူလုံမှုရရှိစေရန် ရည်ရွယ်လျက်ရုရှားနိုင်ငံမှဆန်နှင့်ဆန်စပါးတင်ပို့မှုတားမြစ်ချက်ကို ၂၀၂၂ ခုနှစ်တွင်စတင်

ကျင့်သုံးခဲ့ပြီး ၆ လတစ်ကြိမ်ပုံမှန်သက်တမ်းတိုးခဲ့ရာလက်ရှိတွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် အထိ သက်တမ်းတိုးထားကြောင်း သိရသည်။


ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသောဆန်စပါးများသည်ဆန်လုံးတို (short grain rice) သာဖြစ်ပြီးပြည်တွင်းစားသုံးရန် အတွက် လုံလောက်စွာထွက်ရှိသော်လည်းဆန်လုံးရှည်( Long grain rice)သည် ပြည်တွင်း၌စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပနိုင်ငံများမှတင်သွင်းလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်ရုရှားနိုင်ငံသို့ ဆန်လုံးရှည်တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း သိရသည်။

**Source :** **https://www.interfax.ru/business/1001269**

**စီးပွားရေးသံမှူး၊ မော်စကိုမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (15.1.2025)




Stock trading data

As of 13th Jan. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 14,426,700 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 578 | 4,739,600 | 33,109,694 | 271,500 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,100 | 611 | 1,905,400 | 38,929,150 | 124,573 |
| MCB | 00003 | 8,500 | +200 | +2.41% | 8,500 | 8,500 | 8,500 | 40 | 340,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,653 | 3,140,700 | 29,664,613 | 56,363 |
| TMH | 00005 | 3,300 | +200 | +6.45% | 3,300 | 3,300 | 3,300 | 10 | 33,000 | 12,823,224 | 42,317 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 594 | 998,300 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | -100 | -2.33% | 4,200 | 4,200 | 4,200 | 396 | 1,663,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 510 | 1,606,500 | 23,804,946 | 74,986 |




Market summary

As of 13th Jan. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.31 | +0.78 | +0.20% | 387.54 | 390.31 | 386.51 | 4,392 | 14,426,700 | 8 | 736,198 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 1:00 pm, 13th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 14,426,700 (MMK) |

| MYANPIX | 390.31 |
|---|---|
| | ▲ 0.78 |
| Total Volume (shares) | 4,392 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 736,198 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 200 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,300 | ▲ 200 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,200 | ▼ 100 |
| MAEX | 00008 | 3,150 | ▲ 50 |

TIR